# ကြယ်နီ၏ “ကိုတံငါ” ဝတ္ထုမှ စကားအခြေအနေများ (လူမှုဘာသာဗေဒလေ့လာချက်)

ဝင်းမင်းအောင်*

**Abstract စာတမ်းအကျဉ်း**

ဤစာတမ်းသည် လူမှုအခြေအနေ အဆက်အစပ်ပေါ်မူတည်၍ စကားအခြေအနေ ကွဲပြားခြင်းကိုရည်ရွယ်၍ လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ ဤသို့လေ့လာရာတွင် ဘာသာဗေဒ ပညာရှင် Dell Hymes ၏ "SPEAKING" ပုံစံဖြင့် စကားအခြေအနေများကို လေ့လာပါသည်။ ကြယ်နီ ၏ “ကိုတံငါ” ဝတ္ထုကို "SPEAKING" ပုံစံဖြင့် လေ့လာပြီး စကားအခြေအနေတစ်ရပ်တွင် မြင်ကွင်း၊ ပါဝင်ပြောဆိုသူ၊ ရလဒ်၊ နှုန်းစံ၊ စကားအမျိုးအစားများသည် လူမှုအခြေအနေအဆက် အစပ်ပေါ်မူတည်၍ကွဲပြားမှုရှိကြောင်းကို ရည်ရွယ်၍လေ့လာပါသည်။

**သော့ချက်ဝေါဟာများ – လူမှုအဆက်အစပ်၊ ရလဒ်၊ နှုန်းစံ၊ စကားအခြေအနေ၊ သင်္ကေတ၊ အဆုံးသတ်ပန်းတိုင်၊ သော့ချက်၊ နောက်ခံ။**

## Introduction (နိဒါန်း)

ဤစာတမ်းသည် ကြယ်နီ၏ ‘ကိုတံငါ’ဝတ္ထုတစ်ပုဒ်တည်းမှ စကားအခြေအနေများကို ဖော်ထုတ်လေ့လာထားခြင်းဖြစ်ပါသည်။ ဤသို့လေ့လာရာတွင် ဘာသာစကားပညာရှင် Dell Hymes ၏စကားပုံစံကို အသုံးပြုပါသည်။ Dell Hymes ၏ပုံစံအရ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားများတွင် တွေ့ရှိရသည့်မြင်ကွင်းနှင့် နောက်ခံ၊ ပါဝင်ပြောဆိုသူများ၊ အဆုံးသတ် ပန်းတိုင်များ၊ ဆောင်ရွက်မှုဖြစ်စဉ်၊ သော့ချက်၊ လမ်းကြောင်းနှင့် သင်္ကေတ၊ နှုန်းစံ၊ စကားအမျိုး အစားတို့ကို "SPEAKING" ပုံစံဖြင့် ခွဲခြားလေ့လာထားပါသည်။ ဤစာတမ်းသည် လက်တွေ့ဘဝ တွင်ရှိသော အပြောပုံသဏ္ဍာန်များကို လေ့လာရန်ရည်ရွယ်ပါသည်။ ‘ကိုတံငါ’ ဝတ္ထုမှ စကား အခြေအနေများကို ဝတ္ထုတစ်ပုဒ်လုံးတွင် ပါဝင်သော ဇာတ်ဆောင်တို့၏ ပြောစကားများမှ ထုတ်နှုတ် လေ့လာတင်ပြထားပါသည်။

## Aims and Objective (ရည်ရွယ်ချက်နှင့် မျှော်မှန်းသည့်ပန်းတိုင်)

ဤစာတမ်း၏ ရည်ရွယ်ချက်မှာ လက်တွေ့လူမှုနယ်ပယ်မှ စကားအခြေအနေများကိုလည်း လူမှုဘာသာဗေဒသီအိုရီများဖြင့် လေ့လာနိုင်ကြောင်းကို သိရှိစေရန်၊ လူမှုဘာသာဗေဒသီအိုရီများအရ လူမှုဆက်ဆံရေးတွင် စကားတစ်ခွန်း (Code) ၏အရေးပါမှုကို သိရှိစေရန် ရည်ရွယ်ပါသည်။

## Data and Method (အချက်အလက်နှင့် သီအိုရီ)

ဤစာတမ်းတွင် လေ့လာသောအချက်အလက်များမှာ ကြယ်နီ၏ ‘ကိုတံငါ’ ဝတ္ထုမှ ကောက်နုတ်လေ့လာထားပါသည်။ လေ့လာသည့် သီအိုရီမှာ စကားအခြေအနေများ (Speech Situation) ဖြစ်ပါသည်။

---

Dr. Lecturer, Department of Myanmar, Yangon University of Foreign Languages

'ကိုတံငါ'ဝတ္ထုသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး ဖဆပလခေတ်တွင် ဘဝဝမ်းစာကိုခက်ခဲကြမ်းတမ်းစွာ ရှာဖွေစားသောက်နေထိုင်ကြသော တံငါသည်တို့၏ ဘဝသရုပ်ဖော်ဝတ္ထုဖြစ်သည်။ ငါးဖမ်းရာတွင်လည်း ရေလုပ်သားတံငါသည်တို့ကို ဒင်္ဂါးကျမက်ကွန်၊ ဆောင်းတစ်လုံး၊ ငါးမျှားတံတစ်ချောင်း ဖြင့်သာ ဖမ်းဆီးရန် ဥပဒေကပြဋ္ဌာန်းထားလေသည်။ သို့သော် ရေလုပ်သားတို့၏ဘဝမှာငါးကြီးမရှိ ဘဲ ငါးသေးများသာ ပေါများသောချောင်းထဲတွင် ဒင်္ဂါးကျမက်ကွန်ဟုခေါ်သော ပိုက်ကျဲဖြင့် ငါးဖမ်းခြင်း၊ ငါးမျှားတံဖြင့် ငါးဖမ်းခြင်း၊ ဆောင်းဖြင့် ငါးဖမ်းခြင်းတို့ကို အသုံးပြုပြီး ဘဝဝမ်းစာကို ဖြေရှင်းကြရသော်လည်း တစ်ခါတစ်ရံ ခက်ခဲကြလေသည်။ ထို့ကြောင့် ရေလုပ်သားတို့ သည် အစိုးရပိုင်ရက်နှင့် အင်းလေလံဆွဲပြီးနောက် အင်းသားကြီးပိုင်သောရက်များတွင် ငါးများကို ခိုးယူဖမ်းဆီးရလေသည်။ ရေလုပ်သားများ၏ ဘဝခက်ခဲကြမ်းတမ်းပုံကို 'ကိုတံငါ' ဝတ္ထု အကျဉ်း အဖြစ်တင်ပြပါသည်။

စကားအခြေအနေဆိုသည်မှာ စကားပြောဆိုမှုဖြစ်ရပ်ဖြစ်စဉ် အခြေအနေတစ်ရပ် ဖြစ်သည်။ စကား အခြေအနေတစ်ရပ် လေ့လာမှုတွင် လူမှုအခြေအနေ (social situation)နှင့် အပြုအမူ (verbal behavior)တို့ ရောယှက်လျက်ရှိ သည်။ စကားအခြေအနေသည် အပြုအမူကို ဩဇာအရှိဆုံး အဆုံးအဖြတ်ပေးနိုင်သည့်အရာ ဖြစ် သည် (Southerland & Katamba, 1996, 576)ဟု လူမှုဘာသာဗေဒပညာရှင် **Labor** ကဆိုသည်။

စကားအခြေအနေ (speech situation)သည် လူမှုအခြေအနေများတွင် ဘာသာစကား၏အသုံးဆီလျော်မှုကို ဖြစ်ပေါ်စေသည်။ စကားအခြေအနေသည် တုံ့လှယ်လူမှုဘာသာဗေဒ (international sociolinguistics) ပညာရှင်များ သုတေသနပြုလုပ်ရန်အတွက် အဓိကတည်ရာဖြစ်သည်။ တုံ့လှယ်လူမှုဘာသာဗေဒ၏ စူးစမ်းလေ့လာချက်များ သို့မဟုတ် တွေးဆဖော်ပြချက်များသည် ဆက်သွယ်မှုဆိုင်ရာလူမျိုးခွဲဗေဒ (ethrography)၊ စကားစဉ်စိစစ်မှု (discourse analysis) ၊ လက်တွေ့အတ္တဗေဒ (pragmatics) ဘာသာရပ်ခွဲများနှင့် အဆင့်ထပ်နိုင်သည်။

စကားအခြေအနေများတွင် အစိတ်အပိုင်းများ ပါဝင်သည်။ လူမှုဘာသာဗေဒပညာရှင် များက ထိုအစိတ်အပိုင်းများ၏ ဖြစ်ထွန်းမှုကို ရှာဖွေဖော်ထုတ်ကြသည်။ Dell Hymes က စကား အခြေအနေများရှိ အစိတ်အပိုင်းများကို "SPEAKING" ဟူသော အတိုကောက်အက္ခရာအစီအစဉ်ဖြင့် ပုံစံထုတ်ဖော်တင်ပြသည်။

"S" သည် နောက်ခံ "**SETTING**" နှင့် မြင်ကွင်း "**SCENCE**" ဖြစ်သည်။ နောက်ခံသည် ရုပ်ပိုင်းဆိုင်ရာ နေရာဝန်းကျင်ဖြစ်ပြီး မြင်ကွင်းသည် လှုပ်ရှားမှုအမျိုးအစားဆိုင်ရာ အခင်းအကျင်းဖြစ်သည်။ နောက်ခံတစ်ခုတွင် မြင်ကွင်းအမျိုးမျိုးဖြစ်နိုင်သည်။ ဥပမာ–စာသင်ခန်းတစ်ခန်းသည် နောက်ခံတစ်ခုဖြစ်ပြီး ထိုနောက်ခံတွင် သင်ခန်းစာပို့ချသင်ယူမှု၊ နည်းပြတန်းဖြေဆိုမှု၊ အပြန်အလှန်ဆွေးနွေးပြောဆိုမှု၊ အစည်းအဝေးပြုလုပ်ပြောဆိုမှု စသည့်မြင်ကွင်းအမျိုးမျိုး ဖြစ်နိုင်သည်။

"**P**" သည် ပါဝင်သူများ "**PARTICIPANTS**" ဖြစ်သည်။ ပါဝင်သူများတွင် ပြောသူ (addresser)၊ မေးသူ ( questioner)၊ ဖြေသူ (answers)၊ ဖျော်ဖြေသူ (performer)၊ နားဆင်သူ (audience)၊ တွေ့ဆုံမေးမြန်းသူ (interviewer) ၊ ဖြေဆိုသူ (interviewee) စသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်သည်။ ခြားနားသောမြင်ကွင်းများက တုံ့လှယ်ပြောဆိုသူများအကြား ဖြစ်နိုင်ဖွယ်ရှိသော အပြန်အလှန် ဆွေးနွေးဆက်ဆံမှုများကို သတ်မှတ်ပေးသည်။ ဥပမာ–ဆရာနှင့်တပည့် ဆက်ဆံမှု၊ ဖျော်ဖြေတင်ဆက်သူနှင့် နားဆင်သည့်ပရိသတ် ဆက်ဆံမှု စသည်တို့ကို သတ်မှတ် ပေးသည်။

"**E**" သည် အဆုံးသတ်ပန်းတိုင်များ "**END**" ဖြစ်သည်။ ၎င်းတွင် တာဝန်များ (functions)နှင့် ရလဒ်များ (outcomes )ပါဝင်သည်။ တာဝန်များတွင် လုပ်ဆောင်ချက်ဆိုင်ရာတာဝန် (transactional function) နှင့် တုံ့လှယ်မှု ဆိုင်ရာတာဝန် (interaction function)နှစ်မျိုးရှိသည်။ လုပ်ဆောင်ချက်

ဆိုင်ရာတာဝန်ကို ပြောဆိုသည့်အခြေအနေတွင် လုပ်ဆောင်ချက် သို့မဟုတ် အကြောင်းအရာ၏ အရေးကြီးမှု အလိုက် ကျယ်ကျယ် ပြန့်ပြန့် အမျိုးအစားခွဲနိုင်သည့် တုံ့လှယ်မှုဆိုင်ရာတာဝန်သည် ပြောသူတို့၏ လူမှုဆိုင်ရာ သို့မဟုတ် ပုဂ္ဂိုလ်ရေး ဆိုင်ရာဆက်ဆံမှုကို ဖြစ်ထွန်းစေခြင်း သို့မဟုတ် အားဖြည့်ပေးခြင်းကို ဆောင်ရွက်သည့်တာဝန် ဖြစ်သည်။ ဖြစ်နိုင်ချေရှိသည့် တာဝန်များစွာရှိသည်။ သင်ခန်းစာပို့ချသည့် အခြေအနေတွင် ညွှန်ကြားမှုဆိုင်ရာ၊ သူငယ်ချင်းအချင်းချင်း အပြန်အလှန် ပြောဆိုသည့် အခြေအနေတွင် တုံ့လှယ်မှုဆိုင်ရာ စသည့်တာဝန်အမျိုးမျိုး ဖြစ်နိုင်သည်။ ရလဒ်များမှာ ပြောသည့် စကားသည် မည်သို့သဘော သက်ရောက်မှုရှိသည်၊ နားထောင်သူအပေါ် သို့မဟုတ် အခြေအနေ၏ အခြားကဏ္ဍများအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည် စသည်တို့ဖြစ်နိုင်သည်။ စာသင်ခန်း၊ နည်းပြတန်းများတွင် မည်သည်ကို သင်ယူခဲ့ရသည်၊ အစည်းအဝေးတွင် မည်သည့် အစီအစဉ်များချမှတ်နိုင်ခဲ့သည် စသည်တို့မှာ ရလဒ် များဖြစ်သည်။

**"A"** သည် ဆောင်ရွက်မှုဖြစ်စဉ် **"ACT SEQUENCE"** ဖြစ်သည်။ ဆောင်ရွက်မှုဖြစ်စဉ်တွင် စကား၏ အကြောင်းအရာ (content)နှင့် ပုံသဏ္ဌာန် (form) တို့ပါဝင်သည်။ ဆောင်ရွက်မှုဖြစ်စဉ်သည် ပို့ချချက် တစ်ခု၌ ဖွဲ့စည်းထားသည့် သင်ခန်းစာပုံကြမ်းအရ အကြောင်းအရာနှင့် ပုံသဏ္ဌာန်ကွဲပြားမှု ရှိနိုင်သည်။ နည်းပြတန်းတစ်ခု၏ ဆောင်ရွက်မှုဖြစ်စဉ်တွင် အမေးနှင့်အဖြေပြုလုပ်ခြင်း၊ ပြဿနာ တင်ပြခြင်းနှင့် အဖြေရှာခြင်း စသည်တို့ ဖြစ်နိုင်သည်။ အစည်းအဝေးတစ်ခုတွင် အစည်းအဝေး အစီအစဉ်များသည် ဖြစ်စဉ်ပင်ဖြစ်သည်။

**"K"** သည် သော့ချက် **"KEY"** ဖြစ်သည်။ သော့ချက်တွင် အသံအတက်အကျ (tone)၊ စိတ်အား ထက်သန်မှု (mood)၊ ပြောပုံ (manner)စသည်တို့ပါဝင်သည်။ စိတ်အားထက်သန်မှုတွင် စာသင်ကြားပို့ချရာ၌ သိသာသောပုံစံတကျ ပြောဆိုမှုမျိုးမှသည် အာလာပသလ္လာပ ပြောဆိုရာ၌ ရင်းနှီးပွင့်လင်းစွာ ရယ်ရွှန်း၊ ဖတ်ရွှန်းပြောဆိုမှုမျိုးအထိ ဖြစ်နိုင်သည်။ ပြောပုံတွင် အလေးအနက် ပြောဆိုခြင်း၊ ကပြက် ကချော်ပြောဆိုခြင်း၊ ပုံစံတကျပြောဆိုခြင်း၊ ငေါ့တော့တော့ ပြောဆိုခြင်း စသည်တို့ ဖြစ်နိုင်သည်။

**"I"** သည် အသုံးပြုသည့်အရာများ **"INSTRUMENTALITIES"** ဖြစ်သည်။ အသုံးပြုသည့် အရာများတွင် လမ်းကြောင်း (channel)နှင့်သင်္ကေတ (code)တို့ပါဝင်သည်။ လမ်းကြောင်းတွင် အဓိကအားဖြင့် အကြားလမ်းကြောင်း (audio channel)နှင့် အမြင်လမ်းကြောင်း (visual channel) တို့ကိုအသုံးပြုသည်။ ထိုလမ်းကြောင်းတို့တွင် စကားလုံးသုံးခြင်း (verbal)၊ စကားလုံးမသုံးခြင်း( non-verbal)၊ မျက်နှာချင်းဆိုင်(face-to-face)၊ အရေး (written )၊ အီးမေးပို့ခြင်း (electronic mail) စသည်ဖြင့် အမျိုးမျိုးဖြစ်နိုင်သည်။ ပြောဆိုမှုတွင် ဖြစ်နိုင်ချေ အများဆုံးမှာ မျက်နှာချင်းဆိုင် အခြေအနေ ဖြစ်သည်။ အများအားဖြင့် စကားလုံးသုံးသည့် တချိန်တည်းမှာပင် စကားလုံး မသုံးသည့် ပုံစံနှင့် အခြားသွင်ပြင်များကိုလည်း အသုံးပြုလေ့ရှိသည်။ ဥပမာ – စကားပြောဆိုရင်း လက်မြှောက် ပြခြင်း၊ စာရေးပြခြင်းတို့ဖြစ်သည်။ သင်္ကေတသည် အသုံးပြုသည့် ဘာသာစကား သို့မဟုတ် ဘာသာစကားအသွင်ကွဲဖြစ်သည်။ သင်္ကေတကိုအသုံးပြုရာတွင် ဘာသာစကားတစ်မျိုး သို့မဟုတ် ဘာသာစကား အသွင်ကွဲတစ်မျိုးကို အသုံးပြုနိုင်သည်။

**"N"** သည် နှုန်းစံများ **"NORMS"** ဖြစ်သည်။ နှုန်းစံများသည် တုံ့လှယ်ပြောဆိုမှုနှုန်းစံများ (norms of interaction) နှင့်အတူ အဓိပ္ပါယ်ကောက်ယူမှုနှုန်းစံများ (norms of interrelation) လည်း ပါဝင်သည်။ နှုန်းစံများ၏အခြေခံစည်းမျဉ်း စည်းကမ်းများသည် တုံ့လှယ်ပြောဆိုမှု (interaction) အပေါ်မူတည်နေသည်ဟုယူဆနိုင်သည်။ နှုန်းစံများသည် အခြေအနေတစ်ရပ်တစ်ခုနှင့် တစ်ခုကွဲပြား နိုင်သည်။ ပါဝင်ပြောဆိုသူတို့၏ အခွင့်အရေး ( rights)နှင့် အဆင့်အတန်း ( status) များသည် ကွဲပြားခြားနားရခြင်း၏ အမှတ်အသားတစ်ခုဖြစ်သည်။ စာသင်ခန်းများ၊ နည်းပြတန်းများ၊ အစည်းအဝေးခန်းများတွင် ဆရာ သို့မဟုတ် ခေါင်းဆောင်က အခြေအနေကို ထိန်းချုပ်ထားရသည်။

ယေဘုယျအားဖြင့် ယင်းအခြေအနေတွင် သူတို့သည် စကားပိုပြောရန် တာဝန်ရှိသည်။ အခြားပါဝင်သူများမှာမူ ဆရာ သို့မဟုတ် ခေါင်းဆောင်က ခွင့်ပြုသည့်အခါမှ သို့တည်းမဟုတ် ပြောခိုင်းသည့်အခါမှ ပြောရသည့်အနေအထားရှိသည်။ ယင်းသည် အခြေအနေက ပြဋ္ဌာန်းသည့်နှုန်း စံသတ်မှတ်ချက်ပင် ဖြစ်သည်။

**"G"** သည် စကားအမျိုးအစား **"GENRE"** ဖြစ်သည်။ စကားလုပ်ဆောင်ချက် (speech acts) ဟုအမည် တပ်ထားသည့် မည်သည့်အမျိုးအစားမဆို စကားအမျိုးအစားများ ဖြစ်ကြသည်။ ပို့ချချက် (lecture)၊ တွေ့ဆုံနှုတ်ဆက်စကား (greeting)၊ ခွဲခွာနှုတ်ဆက်စကား leave-talking၊ တရားစာ (sermon)၊ ဝမ်းမြောက်စကား (congratulations)၊ ပြက်လုံး (joke)စသည်တို့သည် စကားအမျိုးအစားများ ဖြစ်ကြသည်။ ပို့ချချက်တစ်ခုတွင် ပါဝင်သည့်အကြောင်း အရာနှင့်ပုံသဏ္ဌာန်များက စကားအမျိုးအစားကို ပုံဖော်ပေးသည်။ ကန့်သတ်ထားသည့်အကြောင်း အရာ၊ ပြောသူနှင့်ပရိသတ်ပုံစံ၊ ပုံစံအတူဆက်ဆံမှု စသည့်စကားလုပ်ဆောင်ချက်များပါဝင်နိုင်သည်။ ထို့ပြင် စကားအမျိုးအစားတစ်ခုအတွင်းမှာပင် အခြားအမျိုးအစားအစိတ်အပိုင်းများလည်းပါဝင်နိုင်သည် ကိုနားလည်ထားရပေမည်။ ဥပမာ– ပို့ချချက်စကား အမျိုးအစားအတွင်း၌ တွေ့ဆုံနှုတ်ဆက် စကား၊ ပြက်လုံး၊ ခွဲခွာနှုတ်ဆက်စကား စသည်တို့ ပါဝင်နိုင်လေသည်။

ဖော်ပြခဲ့သောစကားအခြေအနေများဖြစ်သည့် **"SPEAKING"** အရ ဘာသာစကားအသုံးအနှုန်း ပြုရာတွင် လူမှုအဆက်အစပ်(social context) အတွင်းပြောဆိုမှုများသည် သဒ္ဒါပိုင်းဆိုင်ရာ ဝါကျတည်ဆောက်နိုင်စွမ်းထက်ပိုကြောင်းတွေ့ရသည်။ လူမှုဘာသာဗေဒပညာရှင်များက စကားအခြေအနေများတွင် ဘာသာစကားအသုံးဆီလျော်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ နှုန်းစံများနှင့် ပေါင်းစပ်ထားသည့် ဘာသာဗေဒစနစ်တတ်ကျွမ်းမှုက ပြောသူအပေါ် လွှမ်းမိုးထားသည်ဟုဆိုသည်။ တုံ့လှယ်လူမှုဘာသာဗေဒသည် စကားခွန်း၏ သဒ္ဒါပိုင်းဆိုင်ရာလေ့လာမှုများနှင့် များစွာပတ်သက်ခြင်းမရှိဘဲ အသုံးဆီလျော်မှု ဆိုင်ရာ လေ့လာမှုများနှင့် ပို၍ပတ်သက်ဆက်နွယ်ကြောင်း တွေ့ရသည်။ (အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၀၅၊ ၁၂–၂၁။)

ယခုစာတမ်းတွင် ကြယ်နီ၏ "ကိုတံငါ" ဝတ္ထုမှ စကားအခြေအနေများကို လေ့လာရာတွင် Dell Hymes ၏ "SPEAKING" ပုံစံကို အသုံးပြု၍ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## Scope of Study (လေ့လာမှုနယ်ပယ်)

လေ့လာမှုနယ်ပယ်ကို တင်ပြရလျှင် လူမှုဘာသာဗေဒပညာရပ်မှ စကားအခြေအနေများ သီအိုရီကိုအခြေခံ၍ လေ့လာပါသည်။ စကားအခြေအနေများသီအိုရီတွင် အပိုင်း (၈) ရှိပါသည်။ ထိုအပိုင်း (၈) ပိုင်းဖြင့် ကိုတံငါဝတ္ထုမှ ဇာတ်ကွက်များကို လေ့လာပါမည်။

## Research Question (သုတေသနမေးခွန်း)

ဤစာတမ်း၏ သုတေသနမေးခွန်းများအနေဖြင့် တင်ပြရလျှင်

(၁) လက်တွေ့နယ်ပယ်တွင် စကားပြောဆို ကြသည့်အခါ စကားအခြေအနေသီအိုရီအရမည်မျှ အကျုံးဝင်သနည်း။

(၂) စကားအခြေအနေသီအိုရီသည် လက်တွေ့လူမှုနယ်ပယ်ကို အခြေခံပြီး ဖော်ထုတ်ထားသော သီအိုရီဖြစ်သော်လည်း လက်တွေ့တွင် မည်မျှကိုက်ညီမှုရှိသနည်း။

ဆိုသော မေးခွန်းများကို အခြေခံ၍ ဤသုတေသနစာတမ်းကို ရေးသားထားပါသည်။

## Literature Review (Brief) (စာပေလေ့လာတွေ့ရှိချက်)

စာပေလေ့လာတွေ့ရှိမှုအနေဖြင့် တင်ပြရလျှင် ကြယ်နီ၏ 'ကိုတံငါ' ဝတ္ထုကို ဘာသာဗေဒ ရှုထောင့်မှ လည်းကောင်း၊ စာပေရှုထောင့်မှလည်းကောင်း လေ့လာထားသည့် သုတေသနစာတမ်းနှင့် ကျမ်းများရှိ သော်လည်း ကျွန်တော်လေလ့ာသည့် နယ်ပယ်ဖြစ်သော လူမှုဘာသာဗေဒ စကားအခြေ အနေရှုထောင့်မှလေ့လာသူမရှိသေးပါ။ ဤစာတမ်းသည် ကျွန်တော်၏ (၂၀၀၉) ခုနှစ် မဟာသုတေသန ကျမ်းတွင် လေ့လာထားသော အကြောင်းအရာဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင် မည်သည့်သုတေသန ဂျာနယ် များတွင်လည်း တင်သွင်းထားခြင်းမရှိသေးသည့် စာတမ်းလည်းဖြစ်ပါသည်။

## Finding and Discussion (လေ့လာတွေ့ရှိချက်များ)

မည်သည့်လူ့အသိုင်းအဝိုင်းတွင်မဆို လူတိုင်းသည် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြသည့်အခါ အပြန် အလှန်ပြောစကားများကို ပြောဆိုကြသည်။ ထိုသို့ အပြန်အလှန်ပြောဆိုသော စကားများကို လေ့လာ ပါက မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သို့သောစကားကို အချင်းချင်း အပြန်အလှန် လေ့လာပြီး ပြောမည်ဟု သတ်မှတ်မထားသော်လည်း အချိန်အခါ၊ အခြေအနေနှင့် လိုက်လျော ညီထွေ သော စကားများကို ပြောဆိုလေ့ရှိကြောင်း စကားအခြေအနေများ ရှုထောင့်မှ လေ့လာသိရှိရပါသည်။

ကြယ်နီ၏ "ကိုတံငါ" ဝတ္ထုတွင် တွေ့ရသော ဇာတ်ဆောင်များ၏ အပြန်အလှန်ပြော စကား အခြေအနေများကို လေ့လာသောအခါ **Dell Hymes** ဖော်ထုတ်ခဲ့သော **"SPEAKING"** ပုံစံဖြင့် ပြောသူ၏နောက်ခံ၊ ပြောသူအမျိုးအစားနှင့် အဆင့်အတန်း၊ စကားအမျိုးအစား ဟူ၍ စကားအခြေ အနေရှုထောင့်မှ တင်ပြပါမည်။

'ကိုတံငါ' ဝတ္ထုတွင် အဓိကဇာတ်ဆောင်များအဖြစ် ကိုဒေါင်းစိန်၊ မယ်စိန်၊ မမယ်ရင်၊ ငါးပိ ကုန်သည် ဦးဘမောင်နှင့် အခြားအရံ ဇာတ်ဆောင်များလည်း ပါဝင်ပါသည်။ ထိုသူတို့၏ ပြောစကား အခြေအနေတစ်ရပ်ရှိသော ဇာတ်ကွက်များကို ထုတ်ဖော်တင်ပြပါမည်။

**ဇာတ်ကွက် (၁)** ကိုဒေါင်းစိန်သည် အင်းထဲတွင် ငါးခိုးဖမ်းနေစဉ် အင်စပက်တာလာသော ကြောင့် ၎င်းတို့၏ အိမ်လှေဆိပ်သို့ ပြန်ပြေးလေသည်။ ထိုအခါ မယ်စိန်က

"တော် ဘာဖြစ်လာတာလဲ၊ မောကြီးပန်းကြီးနဲ့"

ဟုမေးသောအခါ ဒေါင်းစိန်မှာ ချက်ချင်းပြန်မဖြေနိုင်ဘဲ တံတွေးကိုမြိုချပြီးနောက် –

> "ငါ့လခွေး .... ကဒိုးမှုတ်သံ မင်းမကြားဘူးလားကွ၊ အင်ဇဘက်လေ့လာလို့ မနည်းလွတ်အောင်ပြေးခဲ့ရတယ်၊ ပိုက်ကိုတစ်ထည်ပဲ ရုပ်နိုင်တယ်၊ နှစ်ထည်တော့ ကျန်ရစ်ခဲ့လေရဲ့"

ထိုအခါ မယ်စိန်သည် ရင်ဘတ်ကို ဖျန်းကနဲနေအောင် တီးလိုက်ရင်း –

> "အံ့ပါရဲ့ ဒေါင်းစိန်ရယ်၊ ဒီပိုက်နှစ်ထည်ထားခဲ့လို့ ဘာနဲ့သွားထမင်းစားကြဦး မလဲ၊ နောက်ပြီး ပိုက်ထောင်ပေးထားတဲ့ ဟို ငါးစိမ်းသည်မကြီး မမယ်ရင်လည်း လာယူ တော့မှာပဲ"

> "ဟ မယ်စိန်ရ၊ မင်းကအိမ်ကနေပြီး လွယ်လွယ်လေးပြောမနေစမ်းနဲ့၊ အဲဒီ ပိုက် နှစ်ထည်ကိုမထားခဲ့ရင် ဟောဒီရုပ်ပြီးသားပိုက်တစ်ထည်ပါဆုံးပြီး လူလည်း အဖမ်းခံ ရမှာနားလည်လား၊ အခုတောင် သီသီကလေး လွတ်လာတာ"

"သေမင်းငယ် အင်ဇဘတ်၊ မြန်မြန်ကာလနာတိုက်ပြီး သေချင်းဆိုးနဲ့သေပါစေတော်"

ဟူ၍ ကျိန်ဆဲလိုက်ပြီးနောက် ဖမ်းမိလာသောငါးများကို ဖြုတ်ပြီး ကြိုးနှင့်သီလေသည်။ ထို့နောက် ၎င်း၏သား ဒီလုံးကို အရပ်ထဲလှည့်၍ ရောင်းစေသည်။ ထိုအခါ ဒီလုံးက –

"ကျွန်တော် ထမင်းဆာတယ်အမေရဲ့၊ ထမင်းစားပြီးမှ သွားမယ်"

"ဟဲ့ သေနာကျလေး၊ နင်တို့ အပင်းဆို့ဖို့ပဲသိတယ်၊ ဒီမှာဆန်မရှိလို့ထမင်းမချက်ရသေးဘူး၊ အဲဒီ ငါးရောင်းပြီးရင် အရောင်းဆိုင်က ဆန်တစ်ခွက် ဝယ်ခဲ့ ကြားလား"

ဟုပြောသောကြောင့် ဒီလုံးမှာ စောဒကမတက်တော့ဘဲ –

"အဲဒီက ငါး ....ငါး "

ဟု အော်ရင်း ထွက်သွားလေတော့သည်။ ထို့နောက် မယ်စိန်သည် ဒေါင်းစိန်ဘက်သို့ မျက်နှာလှည့်ကြည့်ပြီး –

"တော်ကခု သေတော့မယ် မသာကြီးလို ဖြစ်မနေစမ်းပါနဲ့၊ ကိုလေးဖိုးကွန်တို့ အိမ်က ဆန်တစ်ခွက်လောက် သွားချေးစမ်းပါ၊ ဒီလုံး ငါးရောင်းပြန်လာရင် ပြန် ပေးမယ်လို့ပြော"

ဟု ပြောလိုက်သည်နှင့် ကိုဒေါင်းစိန်သည် စောဒကတက်မနေဘဲ အိမ်ပေါ်က ဆင်းသွား၏။

ယခုစကားအခြေအနေကို လေ့လာပါက နောက်ခံသည် ဒေါင်းစိန်တို့၏ တဲငါတဲလေး ဖြစ်ပြီး မြင်ကွင်းမှာ ဒေါင်းစိန်သည် အိမ်ဆိပ်တွင်လှေကို ဆိုက်ကပ်ပြီး အမောဖြေနေစဉ် မယ်စိန်သည် အိမ်ထဲမှ ထွက်လာပြီး စကားပြောခြင်းဖြစ်ပါသည်။ ထို့နောက် မယ်စိန်သည် ဖမ်းမိလာသောငါးများကို ပိုက်မှ ဖြုတ်ပြီး ကြိုးနှင့်သီပြီးနောက် ပိုက်ကို အိမ်ရှေ့ရှိ ဝါးလုံးတွင်လှမ်းလိုက်ပါသည်။ ဤအချိန်တွင် ၎င်းတို့၏သား ဒီလုံးကရောက်လာပြီး မယ်စိန်ကို ထမင်းဆာကြောင်း ပြောလေသည်။ ထိုအခါ မယ်စိန်က ငါးရောင်းပြီးပြန်လာမှထမင်းစားရမည်ဟု ပြောသောကြောင့် ကြိုးနှင့်သီထားသော ငါးတွဲများကို ကိုင်ပြီး လည်ရောင်းရန် အိမ်မှထွက်သွားပါသည်။ ဒေါင်းစိန်ကိုလည်း ကိုလေးဖိုးကွန့်အိမ်သို့ ဆန်သွားချေးရန် လွှတ်လိုက်ပါသည်။ ထို့ကြောင့် မြင်ကွင်းသည် အမျိုးမျိုးပြောင်းလဲနေကြောင်းကို တွေ့ရပါသည်။

ပြောစကား၏ အဆုံးသတ်ပန်းတိုင်များမှာ မယ်စိန်သည် ကျန်ရစ်ခဲ့သော ပိုက်နှစ်ထည်ကို ရည်ညွှန်းပြောဆိုနေသောကြောင့် ရည်ညွှန်းတာဝန်ကို တွေ့ရပါသည်။ ဒေါင်းစိန်ကလည်း အင်စပက်တာလေ့လာ၍ ထွက်ပြေးရသောကြောင့် ကျန်ခဲ့သောပိုက်ကို ဂရုမစိုက်နိုင်ကြောင်း ရည်ညွှန်း ပြောဆိုနေသောကြောင့် ရည်ညွှန်းတာဝန် ဖြစ်ပါသည်။ မယ်စိန်က ဒေါင်းစိန်ကို ဆန်သွားချေးရန် ညွှန်ကြားပုံကိုတွေ့ရ၍ ညွှန်ကြားတာဝန်ကို တွေ့ရှိရပါသည်။ ရလဒ်များမှာ မယ်စိန်ကဒေါင်းစိန်ကို ရည်ညွှန်းပြောကြားနေခြင်း၊ ဒေါင်းစိန်ကလည်း မယ်စိန်ကို ပြန်၍ပြောခြင်း၊ ဒီလုံးက သူ့အမေမယ်စိန်ကို ထမင်းဆာကြောင်း ပြောကြားခြင်းတို့ ဖြစ်ပါသည်။ ထို့ကြောင့် စကား၏အဆုံးသတ်ပန်းတိုင်သည် ထမင်းချက်ရန်အတွက် ဆန်လိုအပ်နေခြင်း ဖြစ်ပါ သည်။

ပြောစကား၏ ဆောင်ရွက်မှုဖြစ်စဉ်မှာ မယ်စိန်က ငါးဖမ်းပိုက်ထားခဲ့သော ဒေါင်းစိန်ကို ပြောကြားနေခြင်း၊ ဒေါင်းစိန်ကလည်းပြန်ဖြေရှင်းခြင်း၊ ဒီလုံးကလည်း သူထမင်းဆာခြင်းကို ပြောခြင်းများ ဖြစ်ပါသည်။

ပြောစကား၏ သော့ချက်တွင် ပါဝင်ပြောဆိုနေသူများအားလုံးသည် ပိုက်ကျန်ခဲ့သောကိစ္စ၊ ထမင်းဆာသော ကိစ္စများအားလုံးကို စိတ်အားထက်သန်စွာဖြင့် အလေးအနက်ထားပြီး ပြောကြားနေကြောင်းကိုတွေ့ရပါသည်။

ပြောစကား၏ အသုံးပြုသောအရာများမှာ မျက်နှာချင်းဆိုင် ပြောဆိုနေခြင်းဖြစ်ကြောင်းကို တွေ့ရပါသည်။ မြန်မာဘာသာစကားကို အသုံးပြုပြီး ပြောကြသော်လည်း ၎င်းတို့၏ ရေလုပ်ငန်း ဝန်းကျင်သုံးစကားများဖြစ်သည့် "ကဒိုး၊ ပိုက်ထောင်" တို့ကိုလည်း ထည့်သွင်း၍ ပြောဆိုပုံကို တွေ့ရ ပါသည်။

ပြောစကား၏ နှုန်းစံများကို လေ့လာပါက ဒေါင်းစိန်၊ မယ်စိန်နှင့် ဒီလုံးတို့သည် မိသားစု ဖြစ်ပါသည်။ သို့သော် ထိုမိသားစုတွင် အိမ်ထောင်ဦးစီးဖြစ်သော ဒေါင်းစိန်သည် မယ်စိန်နှင့် ယှဉ်ကြည့်ပါက အခွင့်အရေးနှင့်အဆင့်အတန်းမတူညီကြောင်းကိုတွေ့ရပါသည်။ အိမ်ထောင်ဦးစီး ဖြစ် သော်လည်း မယ်စိန်ပြောသမျှကို နာခံရသောသူအဖြစ် တွေ့ရှိပါသည်။ ဒီလုံးသည် မယ်စိန်၏ သား ဖြစ်၍ မယ်စိန်ပြောစကားကို တသွေမတိမ်း ထားထောင်ရသောကြောင့် အခွင့်အရေးနှင့် အဆင့်အတန်း မတူညီမှုကို တွေ့ရပါသည်။

စကားအမျိုးအစားကို လေ့လာပါက ရေလုပ်သားများဖြစ်ကြသောကြောင့်၎င်းတို့ကျင်လည် ရာပတ်ဝန်းကျင်တွင် အသုံးများသော စကားအသုံးများကို သုံးနှုန်းကြောင်း တွေ့ရှိရပါသည်။ မယ်စိန် နှင့် ဒေါင်းစိန်တို့၏ ပြောစကား၊ မယ်စိန်နှင့် ဒီလုံးတို့၏ ပြောစကားတွင် ရေလုပ်သား သဘာဝအရ ပြောဆိုသော ပြောစကားများကို စကားအမျိုးအစားများ အဖြစ် တွေ့ရှိရပါသည်။

**ဇာတ်ကွက် (၂)** ဒေါင်းစိန်သည် မယ်စိန်၏ စေခိုင်းချက်အရ ဆန်သွားချေးလေသည်။ ကိုဒေါင်းစိန် ဆန်သွားချေးနေစဉ် ငါးစိမ်သည်မကြီး မမယ်ရင်သည် ဒေါင်းစိန်တို့၏အိမ်သို့ ရောက်လာပြီး ၎င်း၏ ပိုက်ကို ထားခဲ့သောကြောင့် မယ်စိန်ကို ရန်လာတွေ့လေသည်။

> "ညည်းတို့ ပိုက်ထောင်ပေးဖို့အကြောင်း လာပြောတုန်းက ဘယ်သို့ဘယ်ညာ၊ ကောင်းပြီ ကောင်းလျက်နဲ့၊ နောက်ငါးရတော့ တခြားမှာ ခွဲရောင်းတယ် မဟုတ်လား .. ဟင်၊ အခုပိုက်ဖိုးတောင် မကြေသေးဘူး၊ ညည်းတို့ပိုက်ပါသွားပြီ ဆိုတော့ ငါ့ပိုက်ဖိုး ကျန်ငွေကို ဘာနဲ့ပေးကြဦးမလဲ"
>
> "တော် ဆူညံဆူညံ ပြောစရာမလိုဘူး၊ ကျုပ်တို့လိမ်တာမဟုတ်ဘူး၊ အင်ဇဘက် သိမ်း သွားတာတော့၊ ဘယ့်နှယ်မှ မတတ်နိုင်ဘူး။ ငါးကို တခြားမှာလည်း ခွဲရောင်းမှာပေါ့၊ တော်က ပိုက်ကလေးထောင်ပေးတာနဲ့ ၈ဝိ ဈေးပေါက်၊ ၄ဝိ ရှင်း ပေးတယ်၊ ဒီတော့ ကျုပ်တို့ထမင်းနပ်မှန်အောင်မစားရဘူး၊ ဒါကြောင့်ဈေးရတဲ့ဆီ ခွဲရောင်းရသေးတယ်"
>
> "အေး ငါထောင်ပေးတဲ့ပိုက်နဲ့ ချရင် ငါဖြတ်တဲ့ဈေးပဲရမယ်ဟဲ့၊ နင်ကြိုက်တဲ့ ဈေးနဲ့ ရောင်းချင်ရင် နင်ဖာခံပြီး နင့်လင်ကို ပိုက်ထောင်ပေးပါလား"

ဟု အပြန်အလှန် ပြောရာမှ အားမရတော့ဘဲ မယ်စိန်နှင့် မမယ်ရင်တို့ ဖက်လုံးတော့၏။ ထိုအခါ အရပ်မှလာရောက်ဖျန်ဖြေပေးလေသည်။ မမယ်ရင်သည် ကျန်ခဲ့သောပိုက်တစ်ထည်ကိုသိမ်းကာ ပြန် သွားလေတော့သည်။ ထိုအခါမှ ကိုဒေါင်းစိန် အိမ်သို့ ကပ်ဝဲ့ရာ၏။

ကိုဒေါင်းစိန် ဆန်သွားချေးနေစဉ် ၎င်း၏ အိမ်တွင် မယ်စိန်တို့၏ တဲငါတဲအိမ် မြင်ကွင်းမှာ အိမ်ရှေ့တွင် ဖြစ်လေသည်။

ပြောစကားတွင် ပါဝင်ပြောဆိုသူများကိုလေ့လာပါက မယ်စိန်နှင့် မမယ်ရင်တို့ အပြန်အလှန် ပြောဆိုကြရကြောင်းကို တွေ့ရှိပါသည်။

ပြောစကား၏ အဆုံးအသတ်ပန်းတိုင်များကို လေ့လာက မမယ်ရင်သည် ၎င်းကျန်ခဲ့သော ပိုက်နှင့် ၎င်းထံတင်နေသော အကြွေးကိုဆပ်ရန် မယ်စိန်ကို ရည်ညွှန်းပြောဆိုနေသောကြောင့် ရည်ညွှန်းတာဝန်ဖြစ်ပါသည်။ မယ်စိန်ကလည်း မမယ်ရင်ကို ပြန်လှန်ပြောဆိုရာတွင် ဖမ်းမိသော

ငါးများကို ဈေးနှိမ်၍ဝယ်သောကြောင့် မကျေနပ်သော ခံစားချက်ကို ပြောဆိုနေသောကြောင့် ခံစားမှုပြတာဝန်ကို တွေ့ရှိရပါသည်။ ထိုပြောစကားရလဒ်မှာ ပိုက်အကြွေးမဆပ်နိုင်ခြင်း၊ ငါးကိုဈေးနှိမ်ဝယ် ခြင်းသည် ပြောစကား၏ ရလဒ်များဖြစ်ပါသည်။

ပြောစကား၏ ဆောင်ရွက်မှုဖြစ်စဉ်ကို လေ့လာပါက မယ်စိန်နှင့် မမယ်ရင်တို့ အပြန်အလှန် ရန်တွေ့နေကြခြင်း ဖြစ်ပါသည်။ ထိုသို့ ရန်တွေ့ခြင်း၊ ရန်စကားလေးများ ပြောဆိုခြင်းသည် ဆောင်ရွက်မှုဖြစ်စဉ်ဖြစ်ပါသည်။

ပြောစကား၏ သဘောချက်မှာ မယ်စိန်နှင့် မမယ်ရင်တို့ အပြန်အလှန် ရန်တွေ့နေကြသောကြောင့် စိတ်အားထက်သန်မှုကို တွေ့ရပါသည်။ ပြောပုံမှာ ရန်စကားများကို အပြန်အလှန် ပြောဆိုနေခြင်းဖြစ်ပါသည်။

ပြောစကား၏ အသုံးပြုသည့် အရာများမှာ မျက်နှာချင်းဆိုင် ပြောဆိုနေကြပြီး ပြောစကားသင်္ကေတမှာ မြန်မာဘာသာစကားဖြစ်သော်လည်း တံငါသည် အသိုင်းအဝိုင်းဖြစ်၍ ၎င်းတို့သဘာဝ အရပြောလေ့ရှိသော ပြောစကားများကို ပြောဆိုနေကြပါသည်။

ပြောစကား၏ နှုန်းစံများကိုလေ့လာပါက မယ်စိန်နှင့် မမယ်ရင်တို့သည် တံငါရွာတွင် နေထိုင်ကြသူများဖြစ်သောကြောင့် အပြန်အလှန်ပြောဆိုရန် အဆင့်အတန်းအားဖြင့်လည်းကောင်း အခွင့်အရေးအားဖြင့်လည်းကောင်း တန်းတူရရှိသောသူများ ဖြစ်ကြပါသည်။ သို့သော် မမယ်ရင် သည် အကြွေးရှင်ဖြစ်၍ ပြောဆိုရန် အခွင့်အရေးပိုကြောင်းကို တွေ့ရှိရပါသည်။

စကားအမျိုးအစားကို လေ့လာပါက မယ်စိန်နှင့် မမယ်ရင်တို့ ရန်ဖြစ်နေသောကြောင့် ရန်တွေ့သော စကားများကို ပြောဆိုနေကြပါသည်။ ရန်တွေ့သည့်စကားအပြင် တံငါသည်တို့၏ ဇနီးများဖြစ်ကြ၍ အလွန်တရာကြမ်းတမ်းသော ဖရုသဝါစာများကို ပြောဆိုနေခြင်းဖြစ်ပါသည်။

**ဓာတ်ကွက် (၃)** ဒေါင်းစိန် ဓနုဖြူသို့သွားပြီး ငါးဖမ်းပိုက် ရက်လုပ်ရန် ချည်လုံးသွားဝယ်ခြင်း ကိုတင်ပြပါမည်။ ထိုသို့ချည်လုံးဝယ်နိုင်ရန် ဒေါင်းစိန်သည် အိမ်တွင်မွေးထားသောကြက်များကိုရောင်းချပြီး ရရှိသောငွေနှင့် မယ်စိန်က ဦးဘမောင်ထံသွား၍ချေးလာသောငွေကိုပေါင်း၍ သွားဝယ်ခြင်း ဖြစ်ပါသည်။ ပိုက်မရှိပါက ဒေါင်းစိန်တို့တစ်မိသားစုလုံးဘဝဝမ်းစာခက်ခဲမည် ဖြစ်ပါသည်။ ထို့ကြောင့် ဒေါင်းစိန်သည် ဓနုဖြူသို့ လှေကြုံလိုက်ပြီး ချည်လုံးသွားဝယ်ခြင်း ဖြစ်ပါသည်။ ထိုသို့သွားဝယ်ရန် ကူးတို့ပို့သော ဦးသာထွန်းရောက်လာပြီး ဒေါင်းစိန်ကိုခေါ်ပါသည်။

"ဒေါင်းစိန် ... ဟေ့ ဒေါင်းစိန်၊ သွားကြမယ်ဟေ့"

ဦးသာထွန်း၏ အသံကိုကြားရမှ–

"ဟုတ်ကဲ့လာပြီဗျို့"

ဟုအသံပြုလိုက်သည်။ မယ်စိန်ထံမှငွေတောင်း၍ထမင်းထုပ်ကိုဆွဲပြီး အိမ်မှလိုက်သွားလေတော့သည်။

ထိုပြောစကား၏နောက်ခံသည် ကိုဒေါင်းစိန်တို့၏အိမ်ဖြစ်ပြီး မြင်ကွင်းသည် တဲအိမ်ထဲမှ ဒေါင်းစိန်သည် ထွက်လာပြီး ဦးသာထွန်း၏လှေပေါ်သို့ တက်သွားခြင်းဖြစ်ပါသည်။

ပြောစကားတွင် ပါဝင်ပြောဆိုသူအနေဖြင့် ဦးသာထွန်းသာ တွေ့ရှိရပါသည်။ ဦးသာထွန်း၏ အမေးကို ဒေါင်းစိန်က ပြောကြားခြင်းဖြစ်ပါသည်။

ပြောစကား၏အဆုံးသတ်ပန်းတိုင်များအဖြစ် ဒေါင်းစိန်ကို ဓနုဖြူသို့ ချည်လုံးသွားဝယ် ရန် လာရောက်ခေါ်ခြင်းဖြစ်၍ ရည်ညွှန်းတာဝန်ကို တွေ့ရသကဲ့သို့ လာနှိုးခြင်းဖြစ်သောကြောင့် ညွှန်ကြားတာဝန်လည်းဖြစ်ပါသည်။ ရလဒ်များမှာ ဒေါင်းစိန်ကို ဓနုဖြူမြို့သို့ ခေါ်ဆောင်သွားရန် ဖြစ်ပါသည်။

ပြောစကား၏ဆောင်ရွက်မှု ဖြစ်စဉ်ကိုလေ့လာပါက ဦးသာထွန်းက ဓနုဖြူသွားရန် လာ၍ နှိုးသောအခါ ဒေါ်ခင်းစိန်က သူနိုးနေပြီဖြစ်ကြောင်း အပြန်အလှန် ပြောကြားနေခြင်းဖြစ်ပါသည်။

ပြောစကား၏သော့ချက်တွင် အသံအတက်အကျပါဝင်ပြီး ပြောပုံသည် သာမန်ပြောစကား တစ်ခုသာဖြစ်ပါသည်။

ပြောစကားကို အသုံးပြုသောအရာများကို လေ့လာပါက မျက်နှာချင်းဆိုင်ပြောဆိုခြင်း မဟုတ်ဘဲ စကားလုံးသုံးအကြားလမ်းကြောင်းကို အသုံးပြုကြောင်းတွေ့ရှိရပါသည်။

ပြောစကားတွင် နှုန်းစံများမှာ ဦးသာထွန်းနှင့်ဒေါ်ဒေါ်ခင်းစိန်တို့သည် အပြန်အလှန်ပြောဆို ရန်နှင့် အရေးနှင့်အဆင့်အတန်းတူညီသူများဖြစ်ပြီး စကားအမျိုးအစားမှာ သာမန်ပြောသောစကား ကိုတွေ့ရှိရပါသည်။

အထက်ပါ လေ့လာချက်များသည် ကိုတံငါဝတ္ထုကို အခြေခံထားပြီး စကားအခြေအနေများရှု ထောင့်မှ လေ့လာတွေ့ရှိချက်များဖြစ်ပါသည်။ စကားအခြေအနေများသီအိုရီသည် လက်တွေ့စကား ပြောများကို အခြေခံထားသော်လည်း တစ်ခါတစ်ရံ ပြောသူတို့၏ ဦးစားပေးမှု မတူညီသောကြောင့် အချက်များအားလုံး မပါဝင်ကြောင်းကိုလည်း မှတ်သားဖွယ်လေ့လာတွေ့ရှိရပါသည်။

## Conclusion (ခြုံငုံသုံးသပ်ချက်)

ကြယ်နီ၏ "ကိုတံငါ" ဝတ္ထုမှဇာတ်ဆောင်အချင်းချင်း၏ အပြန်အလှန် ပြောစကားပါသော ဇာတ်ကွက် များကို စကားအခြေအနေများဖြစ်သည့် "SEPAKING" အရ သုံးသပ်တင်ပြထားပါသည်။ အသုံးပြုရာတွင် လူမှုအဆက်အစပ်အတွင်း ပြောဆိုမှုများသည် သဒ္ဒါပိုင်းဆိုင်ရာ ဝါကျတည်ဆောက် နိုင်စွမ်း ထက်ပိုကြောင်း တွေ့ရပါသည်။

"ကိုတံငါ" ဝတ္ထုမှအဓိကကျသောဇာတ်ကွက်(၃)ကွက်ကို "SPEAKING" ပုံစံဖြင့် လေ့လာထား ရာ ဇာတ်ဆောင်တို့၏ ပြောစကားများ၏ နောက်ခံတစ်ခုအတွင်း မြင်ကွင်းသည် အမျိုးမျိုးပြောင်းလဲ နေသောကြောင့် စကားအခြေအနေများကို ပီပြင်စွာ တွေ့ရပါသည်။

ပြောစကားကို ပါဝင်သူများသည် အပြန်အလှန် ပြောစကားပါသကဲ့သို့ တစ်ကိုယ်တည်း ပြောဆိုသော စကားများကိုလည်းတွေ့ရှိရသည်။ ပါဝင်ပြောဆိုကြရန် နှုန်းစံများအနေဖြင့် အခွင့်အရေး အဆင့်အတန်းတန်းတူသကဲ့သို့အခွင့်အရေးအဆင့်အတန်းမတူညီမှုလည်းရှိကြောင်းကိုတွေ့ရပါသည်။

ထို့ကြောင့် စကားအခြေအနေများသည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သို့ သောစကားကိုပြောမည်ဟု သတ်မှတ်မထားသော်လည်း အခြေအနေကိုလိုက်၍ပြောင်းလဲသော ပြော စကားများကိုဖန်တီးနိုင်ကြောင်းစကားပြောလေ့လာမှုရှုထောင့်အရမှတ်သားဖွယ်လေ့လာသိရှိရပါသည်။

## Endings (နိဂုံး)

ဤစာတမ်းသည် ကြယ်နီ၏"ကိုတံငါ"ဝတ္ထုမှ စကားအခြေအနေများကို လေ့လာထားခြင်း ဖြစ်ပါ သည်။ ဤကဲ့သို့လေ့လာရာတွင် စကားအခြေအနေသီအိုရီအရ သတ်မှတ်လေ့လာပါသည်။ ရေ လုပ်သားများသည် ၎င်းတို့အချင်းချင်းပြောဆိုသည့် အခြေအနေ၊ ကုန်သည်များနှင့် ပြောဆိုသည့် အခြေအနေများ ကွဲပြားမှုရှိကြောင်းကို တင်ပြခြင်းဖြစ်ပါသည်။ ရေလုပ်သားတို့၏ စကားအခြေအနေ များကို လေ့လာရခြင်းဖြင့် မြန်မာ့ရေလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက် နေကြသော၊ တိုင်းပြည် ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးသော ရေလုပ်သားတို့၏ ပြောစကားများမှတစ်ဆင့် စကား အခြေအနေများကို မှတ်သားဖွယ် လေ့လာသိရှိရပါသည်။

## Acknowledgement (ကျေးဇူးတင်လွှာ)

ဤစာတမ်းဖြစ်မြောက်ရေးအတွက် လမ်းညွှန်မှုများပေးပါသော ပါမောက္ခချုပ်ဆရာကြီး ဒေါက်တာကြည်ရွှင်၊ ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာမိမိအောင်၊ အကြံဉာဏ်များ ပေးပါသော ပါမောက္ခ၊ ဌာနမှူး ဆရာမကြီး ဒေါက်တာကြည်ကြည်မိုး၊ ပါမောက္ခဆရာမကြီး ဒေါက်တာဝေဝေမြင့်နှင့် တွဲဖက်ပါမောက္ခ ဆရာမကြီးများ ဖြစ်ကြသော ဒေါက်တာမိုးမိုးအောင်နှင့် ဒေါက်တာတင်တင်ထွေး၊ ဝိုင်းဝန်းကူညီပြီး အကြံဉာဏ်များပေးကြသောဌာနမှ ဆရာ၊ ဆရာမများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

.

## References (ကျမ်းကိုးစာရင်း)

ကြယ်နီ။(၂၀၀၁)။ ***ကြယ်နီ၏ ဝတ္ထုတိုပေါင်းချုပ်***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၅)**။** ***လူမှုဘာသာဗေဒ သဘောတရား။*** ရန်ကုန်၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။